# NATIONAL COALITION GOVERNMENT OF THE UNION OF BURMA

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

## (၅၈) နှစ်မြောက် ချင်းအမျိုးသားနေ့သို့ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ

ခရစ်သက္ကရာဇ် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ သည် ကျက်သရေ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံသော(၅၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခါသမယဖြစ်ပေသည်။ ချင်းအမျိုးသားတို့၏ ဤသမိုင်းဝင် နေ့ မြတ်အခါသမယ၌ ချင်းအမျိုးသားခေါင်းဆောင်များ၊ တော်လှန်ရေး ရဲဘော်များနှင့်တကွ တိုင်းရင်းသား ပြည်သူလူထု တရပ်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ချင်းအမျိုးသားရေး ရပိုင်ခွင့်များ အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ အမြန်ဆုံးအောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ချင်းအမျိုးသားများသည် သမိုင်းအစဉ်အလာအရ ကိုယ့်မင်းကိုယ့်ချင်းဘဝ၌ နေထိုင်ခဲ့ကြသူများ ဖြစ်သော်လည်း နယ်ချဲ့ အင်္ဂလိပ်၏ ကျူးကျော်စစ် (၃) ကြိမ်ပြုပြီးနောက်၊ အခြား တိုင်းရင်းသား လူမျိုးများ နည်းတူ အင်္ဂလိပ် နယ်ချဲ့ လက်အောက် ကျရောက်ခဲ့ရသည်။ ပညာတတ်လူငယ်မျိုးချစ်ခေါင်းဆောင် ဦးဝမ်းသူမောင်တို့ကဲ့သို့သော ချင်းလူငယ်များက ၁၉၃၃ ခုနှစ်တွင် “ချင်းအမျိုးသားများ စည်းလုံးညီညွတ်ရေးအဖွဲ့”ကို ဖွဲ့စည်း၍“ဒို့ဗမာအစည်းအရုံး”နှင့် ဆက်သွယ်ကာ အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေးတွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြ သည်။ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အခြားတိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ အင်္ဂလိပ်နယ်ချဲ့ထံမှ လွတ်လပ်ရေးကိုရယူခဲ့ကြသည်။ ဦးဝမ်းသူမောင်သည် ပထမဦးဆုံး ချင်းရေးရာဝန်ကြီး အဖြစ် တာဝန်ထမ်း ဆောင်ခဲ့သူလည်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ် ဖလမ်းမြို့တွင် ပြုလုပ်ခဲ့သော ချင်းအမျိုး သား ညီလာခံကြီး၏ ဆုံးဖြတ်ချက်အရ ချင်းအမျိုးသားနေ့ စတင်ပေါ်ပေါက်ခဲ့ပြီးယနေ့ဆိုလျှင် (၅၈)နှစ် ပြည့်မြောက်ပြီဖြစ်သည်။

ချင်းတိုင်းရင်းသားတို့သည် မိမိတို့လူမျိုး၏ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အမျိုးသား ရေး အစဉ်အလာများ နှင့်အမျိုးသားရေး ဂုဏ်သိက္ခာများကို အစွန့်ရှည်အောင် မြှင့်တင်ထိမ်းသိမ်း လိုကြပေသည်။ မိမိတို့ဘိုးစဉ်ဘောင်ဆက် အခြေချနေထိုင်ခဲ့ရာ ရေမြေဒေသကိုလည်း အထူး တန်ဘိုးထားကြပေသည်။ မိမိ အမျိုးသား များ၏ တန်းတူရေးနှင့်မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာ လွတ်လပ်စွာ ဖန်တီးပိုင်ခွင့်ရရှိရေးကိုလည်း အမျိုးသားရေးတာဝန်တရပ်ပမာအစဉ်ကြိုးပမ်းခဲ့ကြပေသည်။ ချင်းအမျိုးသားတို့၏ ထူးခြားချက်မှာ ဘိုးစဉ်ဘောင်ဆက် များစွာ ကတည်းက လွတ်လပ်မှုကိုလွန်စွာ မြတ်နိုးသည့် အလျောက် ဗဟိုချုပ်ကိုင်သော အုပ်ချုပ်ရေး စနစ်များကို လက်မခံခဲ့ကြ ခြင်းဖြစ်သည်။ ဒေသအုပ်စုအလိုက် ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်များကိုကျင့်သုံး၍လွတ်လပ်ငြိမ်းချမ်းစွာနေထိုင်ခဲ့ကြပေသည်။

ယနေ့မြန်မာနိုင်ငံတွင် ချင်းတိုင်းရင်းသားများနှင့်တကွ တိုင်းရင်းသားအသီးသီး တွေ့ကြုံရင်ဆိုင်နေရသော ပြဿနာမှာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများဆိတ်သုဉ်းနေမှု၊ တိုင်းရင်းသားလူမျိုးများအား အမျိုးသား တန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ပေးရန် ငြင်းပယ်ခံနေရမှု၊ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်သည်ဟု ဆိုသော်လည်း လက်တွေ့ တွင် လက်နက်ချ အညံ့ခံခိုင်းနေမှု များသာဖြစ်နေပေသည်။ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာ တွေ့ ဆုံဆွေးနွေး အဖြေရှာရမည့်အစား၊ စစ်

အာဏာရှင်များ၏ အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်ဖိနှိပ်နေမှုများကြောင့် တိုင်းရင်းသား တော်လှန် အုံကြွမှုများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ ချင်းအမျိုးသားတို့ သည်လည်း အခြားတိုင်းရင်းသားများ နည်းတူ နှစ်ပေါင်းများစွာ စစ်အာဏာရှင်စနစ်အားဆန့် ကျင်နေခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား ညွန့်ပေါင်း အစိုးရက ဤထူးမြတ်သည့် ချင်းအမျိုးသားနေ့ အခါသမယတွင် အလေးအနက် မှတ်တမ်းတင်အပ်ပါသည်။

ဤ(၅၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခါသမယ၌ နိုင်ငံတကာအစိုးရအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပြည်တွင်းပြည်ပရှိတိုင်းရင်းသားအင်အားစုများနှင့်ဒီမိုကရေစီအင်အားစုများက နအဖ၏ အမည်ခံအမျိုးသားညီလာခံကို တရားမဝင်ကြောင်း ကန့်ကွက်လျက်ရှိပြီး၊ နိုင်ငံရေးအကျဉ်းသားများကို အမြန်ဆုံးပြန်လွှတ်၍ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲကာ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် တိုင်းရင်းသား ခေါင်းဆောင်များနှင့်အတူ (နအဖ) အနေနှင့်“စစ်မှန်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ” တရပ်ပြုလုပ်သင့်ကြောင်းတိုက်တွန်းလျက်ရှိပေသည်။ ချင်းတိုင်းရင်းသား ခေါင်းဆောင်များကလည်း လက်ရှိနိုင်ငံရေး ပြဿနာများကို ဒေါ်ဆောင်ဆန်းစုကြည်နှင့် (နအဖ)တို့၏ နိုင်ငံရေးတွေ့ ဆုံဆွေးနွေးပွဲများမှတဆင့်၊ တိုင်းရင်းသားများပါ ပါဝင်သော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်း ဖြင့်သာ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း သဘောထားဖွင့်ဆိုချက် မှာ လည်း အချိန် အခါ အခြေအနေ နှင့်ကိုက်ညီသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရကလိုက်လှဲ စွာ ကြိုဆိုအပ် ပေသည်။

သို့ဖြစ်၍ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီစနစ်ထွန်းကားရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရှိသော ဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းရေးတည်းဟူသော နိုင်ငံရေး ရည်မှန်းချက်များ အောင်မြင်သည် အထိ သွေးစည်းညီညွတ်မှု ခိုင်မာသော ချင်းအမျိုးသားထုကြီးနှင့်အတူ လက်တွဲ၍ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်း အစိုးရက မဆုတ်မနစ် ကြိုးပမ်းအားတုတ်သွားမည်ဖြစ်ကြောင်း ဤ(၅၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခါ သမယ၌ လေးနက်စွာ သန္နိဋ္ဌာန်ပြု လျက် ဤသဝဏ်လွှာကို ဂုဏ်ယူလေးစားစွာ ပေးပို့အပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ**
ခရစ် ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်။